**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၀၆ /၂၀၂၅)**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်

# ထုတ်ကုန်ကြေညာလွှာတင်သွင်းသူများသိရှိနိုင်ပါရန်

၁။ ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းလွှာအမှတ် (၁/၂၀၂၅) အရ ပို့ကုန်လိုင်စင်များကို Myanmar Tradenet 2.0 ဖြင့် ခွင့်ပြုနေခြင်းမှ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားသော ငလျင်ဒဏ်ကြောင့် Internet ချိတ်ဆက်မှုစနစ် ကောင်းမွန်ခြင်းမရှိသေးသည့်ကာလအတွင်း ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ကုန်ကြေညာလွှာဖြင့် တိုက်ရိုက်ဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း သတင်းလွှာထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ထုတ်ကုန်ကြေညာလွှာတင်သွင်းသူများအနေဖြင့် ထုတ်ကုန်ကြေညာလွှာတင်သွင်းရာ၌ ကြေညာလွှာ၏ Note 1 အကွက်တွင် **"ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းလွှာ (၁/၂၀၂၅) အရ တင်ပို့ခြင်းဖြစ်ပါသည်"** ဟုဖော်ပြပြီး ပို့ကုန်လိုင်စင် မပါရှိဘဲ ထုတ်ကုန်ကြေညာလွှာ တင်သွင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**